မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၄]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် )

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်အရ အောက်ပါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များကို ယင်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

(၁) ဦးဇော်ဝင်း
(၂) ဒေါက်တာဉာဏ်ဇော်
(၃) ဒေါက်တာဒေါ်သန်းနွဲ့
(၄) ဒေါ်မြမြ

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

**တိုင်းဒေသကြီးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း**

မကွေးတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် **"လူမှုရေးဝန်ကြီးဌာန"** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာဝင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်ပညာရေး<br>စီမံကိန်းဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဇော်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာနှင့်ဘာသာစကားပညာရေး<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာခိုင်မြဲ<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသန<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပပညာရေး/ Alternative<br>Education ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဦးတင်မျိုးကြည်<br>ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာအေးမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်း<br>သိပ္ပံသုတေသနဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (စ) ဒေါက်တာကြည်ရှင်<br>ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာစိန်လှထွေး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးမောင်ဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) ဦးလှမောင်သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

**ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **"ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ**

**ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးမြင့်ဆွေ<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဖေမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဝင်းခိုင်<br>ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာဇော်မြင့်မောင်<br>ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | သူရဦးအောင်ကို<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီသည် အောက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ယှဉ်တွဲပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည် -

| | | | |
|---|---|---|---|
| (က) | အလှူငွေစိစစ်သုံးစွဲရေး<br>လုပ်ငန်းကော်မတီ | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ခ ) | ပြင်ဆင်ပြုပြင်ထိန်းသိမ်း<br>တည်ဆောက်ရေးလုပ်ငန်း<br>ကော်မတီ | ဝန်ကြီး<br>(မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့<br>တာဝန်ပေးအပ်သူ) | ဥက္ကဋ္ဌ |
| | | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဂ ) | လုပ်ငန်းနှင့်ငွေစာရင်း<br>စစ်ဆေးရေးဆပ်ကော်မတီ | ဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| | | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| (ယ) | အလှူငွေကောက်ခံရေး | ဝန်ကြီး | ဥက္ကဋ္ဌ |
| | ဆပ်ကော်မတီ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | |
| | (မန္တလေးတိုင်းဒေသကြီး) | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | |
| | | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| | | ရှေးဟောင်းသုတေသနနှင့် | |
| | | အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | (နေပြည်တော်ကောင်စီ | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| | နယ်မြေ) | ရှေးဟောင်းသုတေသနနှင့် | |
| | | အမျိုးသားပြတိုက်ဦးစီးဌာန | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| | | အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ် | |
| | | စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု) | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | (ရန်ကုန်တိုင်းဒေသကြီး) | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| | | ရှေးဟောင်းသုတေသနနှင့် | |
| | | အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်) | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |
| | | မီးသတ်ဦးစီးဌာန | |
| | | ပြည်ထဲရေးဝန်ကြီးဌာန | |
| | (ပုဂံရှေးဟောင်း | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| | ယဉ်ကျေးမှုနယ်မြေ) | ရှေးဟောင်းသုတေသနနှင့် | |
| | | အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံ) | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | | ခရိုင်အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |
| | | ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| | | ပြည်ထဲရေးဝန်ကြီးဌာန | |
| (င) | ဒေသတွင်းပူးပေါင်း | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| | ညှိနှိုင်းရေးဆပ်ကော်မတီ | ရှေးဟောင်းသုတေသနနှင့် | |
| | | အမျိုးသားပြတိုက်ဦးစီးဌာန | |
| | | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | |
| | | ခရိုင်အုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |
| | | ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| | | ပြည်ထဲရေးဝန်ကြီးဌာန | |
| (စ) | သတင်းမှတ်တမ်း | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| | ပြန်ကြားရေး | ပြန်ကြားရေးဝန်ကြီးဌာန | |
| | ဆပ်ကော်မတီ | တိုင်းဒေသကြီးဦးစီးမှူး | အတွင်းရေးမှူး |
| | | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး | |
| | | ဦးစီးဌာန၊ | |
| | | ပြန်ကြားရေးဝန်ကြီးဌာန | |

| | | | |
|---|---|---|---|
| (ဆ) | လုံခြုံရေးဆပ်ကော်မတီ | ရဲမှူးကြီးဟန်ထွန်း<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | | ဒုရဲမှူးကြီးနေလင်း<br>ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၃။ ဦးစီးကော်မတီသည် အထက်ပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၄။ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်ဟန်ချက်ညီဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများသည် ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် သင့်လျော်သည့်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လိုအပ်သလို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

**အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်း**

၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)၊ အခန်း (၄)၊ ပုဒ်မ (၅) (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမျိုးမြင့် | ဒုတိယဝန်ကြီး (ငြိမ်း)<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာညီလှငယ် | ဒုတိယဝန်ကြီး (ငြိမ်း)<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ဦးဝင်းမော်ထွန်း | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာမြဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (င) | ဦးထွန်းအောင်ချိန် | ပါမောက္ခ (ငြိမ်း)<br>သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးထွန်းလှ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်သန်းနွယ် | လက်ထောက်ညွှန်ကြားရေးမှူး(သင်ရိုး) (ငြိမ်း)၊<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမျိုးဝင်း | ပါမောက္ခချုပ်(ငြိမ်း)၊<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် | အဖွဲ့ဝင် |
| (ဈ) | ဦးသန်းနွယ် | တာဝန်ခံပါမောက္ခချုပ်(ငြိမ်း)<br>ရတနာပုံတက္ကသိုလ် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာသက်လွင် | ပါမောက္ခ/ဌာနမှူး (ငြိမ်း)<br>စာရင်းအင်းပညာဌာန<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာမြင့်ဝင်း | ဒုတိယညွှန်ကြားရေးမှူး<br>ရောဂါရှာဖွေထိန်းချုပ်ရေးဌာန<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးထွန်းနိုင် | ရုံးအဖွဲ့မှူး<br>မော်လမြိုင်တရားမျှတမှုစင်တာ | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာမြင့်သောင်း | ပါမောက္ခချုပ် (ငြိမ်း)<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာဝင်းအောင် | ယူနီဆက်ပညာရေးစီမံကိန်းအရာရှိ(ငြိမ်း)<br>အလွတ်တန်းပညာရေးအကြံပေး<br>(Freelance Education Consultant) | အဖွဲ့ဝင် |
| (ဏ) | ဦးမြကျော် | ကျောင်းအုပ်ကြီး (ငြိမ်း)<br>ရန်ကင်းပညာရေးကောလိပ်<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ဦးစောအောင် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒေါက်တာသိန်းလွင် | ပါမောက္ခ (ငြိမ်း)<br>ပညာရေးစိတ်ပညာဌာန၊<br>ရန်ကုန်ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဒ) | ဦးသက်မောင် | ဦးစီးအရာရှိ (ငြိမ်း)<br>သင်ရိုးဌာန၊<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒေါက်တာခင်မာရီ | ပါမောက္ခ (ဌာနမှူး)<br>ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (န) | ဒေါက်တာခိုင်မြဲ | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန | အတွင်းရေးမှူး |
| (ပ) | ဒေါက်တာနေဝင်းဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ခ) အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာ မူဝါဒများ၊ ပညာရေးဆိုင်ရာစီမံကိန်းများအကောင်အထည် ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှုစံချိန်စံညွှန်းများသတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံးခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

**ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံမှပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်စေလွှတ်ခြင်းနှင့်စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသည့် နည်းစနစ်များကို လည်းကောင်း၊ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများထံမှ ဝင်ငွေခွန်ပေးဆောင်မှု၊ မိသားစုလွှဲပို့ငွေများ ပေးသွင်းမှုတို့နှင့်စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသည့် နည်းစနစ်များကိုလည်းကောင်း နိုင်ငံတော်၏အကျိုးကို ရှေးရှုလျက် ပြောင်းလဲနေသည့်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သလိုပြန်လည်သုံးသပ်ခြင်း၊

ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်းပြုနိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် **ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ** ကို ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်(လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်(အလုပ်သမားရေးရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီသည် မိမိလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ မူဝါဒသဘောပါရှိသောကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ရယူ၍ ဆောင်ရွက်ရမည်။

၃။ ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများဆိုသည့်စကားရပ်တွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ရွေးချယ်စေလွှတ်သည့်အလုပ်သမားများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရွေးချယ်စေလွှတ်သည့် သင်္ဘောသားများနှင့် ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ခွင့်ပြုသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

၄။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့ အလုပ်သမားများရွေးချယ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာသတ်မှတ်သည့်အရည်အချင်းများနှင့်ပြည့်စုံသူများအား နိုင်ငံခြားပင်လယ်ကူးသင်္ဘောသားများအဖြစ် ရွေးချယ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကူးလက်မှတ် အက်ဥပဒေ၊ ယင်းအက်ဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် လုပ်ငန်းအထောက်အထားပြလျက် လျှောက်ထားသူများအား စိစစ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ထားသည့် နှုန်းထားများသည် သင့်မြတ်မှုရှိ မရှိ စိစစ်ခြင်း၊ ဝင်ငွေခွန်များမှန်ကန်စွာ ပေးသွင်းစေရန် လမ်းညွှန်ခြင်း၊ ဝင်ငွေခွန်များအခက်အခဲမရှိစေဘဲ ပေးသွင်းနိုင်ကြစေရန် နည်းလမ်းများချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ သတ်မှတ်ထားသည့် မိသားစုလွှဲပို့ငွေများ မှန်မှန်ကန်ကန်ပေးပို့မှုရှိ မရှိ စိစစ်ခြင်း၊ မိသားစုလွှဲပို့ငွေများ အခက်အခဲမရှိဘဲ ပေးပို့နိုင်ကြစေရန် နည်းလမ်းများချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက မိမိတို့ရရှိသည့် နိုင်ငံခြားသုံးငွေများအနက်မှ စုဆောင်းရရှိသည့်ငွေများကို မိမိတို့၏မိသားစုထံ တရားဝင်လွှဲပြောင်းပေးနိုင်ရေးအတွက် နည်းလမ်းများချမှတ်ပေးခြင်း၊

(ဆ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက သတ်မှတ်ထားသည့်အတိုင်း မိသားစုလွှဲပို့ငွေအဖြစ် ပေးပို့ရာတွင်လည်းကောင်း၊ မိမိတို့စုဆောင်းရရှိငွေများကို မိသားစုထံပြန်လည်ပေးပို့ရာတွင်လည်းကောင်း၊ တရားမဝင်သောနည်းလမ်းများကိုအသုံးမပြုဘဲ မိမိတို့ သဘောဆန္ဒအလျောက် တရားဝင်မှန်မှန်ကန်ကန် ပေးပို့ကြစေခြင်းငှာ သင့်လျော်သောဆွဲဆောင်မှု (Incentive) များသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၅။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီသည် မိမိအားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန် လိုအပ်သည့် ကိစ္စရပ်များကို အစိုးရအဖွဲ့သို့တင်ပြပြီး အဆုံးအဖြတ်ရယူ၍ ဆောင်ရွက်ရမည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့် စကားရပ်ကို "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကိုဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊"

၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။"

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (ဇ) တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူး ရာထူးထက် မနိမ့်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်း တင်သွင်းသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး။ (ယင်းတို့အနက်မှတစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦး"

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင်ပါရှိသော "ဒုတိယညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော" ဆိုသည့် စကားရပ်ကို "ဒုတိယညွှန်ကြားရေးမှူးရာထူးထက် မနိမ့်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘော တူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး။ (ယင်းတို့အနက်မှတစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦး"

၁၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉ တွင် -

"(က) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ ) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ဂ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

( ခ ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (စ) တွင် ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့် စကားရပ်ကို "ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်ပါက ယင်းတို့၏ ဒေသဦးစီး အဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။"

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) တို့ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာစေရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၁၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်ရမည်။

၁၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၂ ခြေဆင်းကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် - "

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘော အတွင်းရေးမှူး တူညီသော အနည်းဆုံး ၃ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။"

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၁၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ပူးပေါင်းပါဝင် လာရန်" ဆိုသည့် စကားရပ်ကို "ပူးပေါင်းပါဝင်လာစေရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊"

၂၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထား တွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထား တွေ့ရှိလျှင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက စုံစမ်းစစ်ဆေး၍ ခိုင်လုံသောအထောက်အထား တွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊"

၂၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအနေဖြင့်" ဆိုသည့် စကားရပ်ကို "ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၉၆/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### ဦးစီးအရာရှိရာထူးခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂၂၁) ဦးအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁) | ဦးအောင်သဲဦး | ဦးစီးအရာရှိ | ၂/ဒမဆ (နိုင်) ၀၆၁၀၅၁ |
| (၂) | ဒေါ်စံမြပွင့် | ။ | ၉/မရတ (နိုင်) ၁၂၆၆၀၈ |
| (၃) | ဒေါ်ယဉ်ယဉ်ဝင်း | ။ | ၁၀/မဒန (နိုင်) ၁၇၄၆၇၂ |
| (၄) | ဒေါ်ခိုင်မို့မို့ကျော် | ။ | ၈/မလန (နိုင်) ၀၇၆၂၂၀ |
| (၅) | ဒေါ်အိခိုင်သဇင်ထွန်း | ။ | ၁၃/တကန (နိုင်) ၂၁၇၀၉၇ |
| (၆) | ဒေါ်သန္တာစိုး | ။ | ၉/မဟမ (နိုင်) ၀၄၄၅၅၄ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၇) | ဒေါ်အိအိမာ | ဦးစီးအရာရှိ | ၁၂/မဂဒ (နိုင်) ၁၃၃၄၂၀ |
| (၈) | ဦးအောင်နိုင်ထွန်း | ,, | ၁၁/မဥန (နိုင်) ၁၁၂၃၄၆ |
| (၉) | ဒေါ်မို့မို့ချစ် | ,, | ၁/ရကန (နိုင်) ၀၄၈၈၃၃ |
| (၁၀) | ဒေါ်ပြည့်ဖြိုးသူ | ,, | ၁၂/ကခက (နိုင်) ၀၇၁၂၇၈ |
| (၁၁) | ဦးသန်းအေး | ,, | ၁၁/ဘသတ (နိုင်) ၀၂၀၄၄၈ |
| (၁၂) | ဒေါ်မေဇွန်သော် | ,, | ၈/မကန (နိုင်) ၁၇၉၁၆၅ |
| (၁၃) | ဒေါ်ခင်မြင့်မြတ် | ,, | ၈/ရနခ (နိုင်) ၁၀၈၆၈၉ |
| (၁၄) | ဒေါ်မူယာ | ,, | ၈/နမန (နိုင်) ၁၃၂၃၃၂ |
| (၁၅) | ဦးမျိုးလှိုင်မြင့်ထွန်း | ,, | ၈/တတက (နိုင်) ၁၁၈၂၉၀ |
| (၁၆) | ဒေါ်ခိုင်လွင်ဦး | ,, | ၁၂/သဃက (နိုင်) ၁၄၉၂၇၂ |
| (၁၇) | ဒေါ်ကြည်ကြည်ခိုင် | ,, | ၅/မရန (နိုင်) ၂၄၅၈၇၄ |
| (၁၈) | ဒေါ်ကြူကြူမာ | ,, | ၉/ကပတ (နိုင်) ၁၈၂၁၁၆ |
| (၁၉) | ဒေါ်အိအိခင် | ,, | ၁၂/ဥကမ (နိုင်) ၂၀၅၀၈၇ |
| (၂၀) | ဒေါ်ခင်သန္တာမြင့် | ,, | ၉/မထလ (နိုင်) ၂၅၅၃၃၃ |
| (၂၁) | ဒေါ်ဇူပန်မို | ,, | ၈/ကမန (နိုင်) ၀၅၈၅၇၄ |
| (၂၂) | ဒေါ်သန္တာဦး | ,, | ၉/ပမန (နိုင်) ၁၅၉၅၁၂ |
| (၂၃) | ဒေါ်နန်းနိုနိုလတ် | ,, | ၁၃/ကမန (နိုင်) ၁၂၈၆၀၈ |
| (၂၄) | ဒေါ်တင်ဇာအောင် | ,, | ၈/တတက (နိုင်) ၁၄၂၈၈၆ |
| (၂၅) | ဒေါ်သဇင်အေး | ,, | ၁၂/ဒဂမ (နိုင်) ၀၁၅၈၅၃ |
| (၂၆) | ဒေါ်စိုးစိုး | ,, | ၉/မကန (နိုင်) ၁၀၄၉၇၂ |
| (၂၇) | ဒေါ်ဇာဇာမြင့် | ,, | ၅/ဆလက (နိုင်) ၀၆၅၉၅၈ |
| (၂၈) | ဒေါ်ရင်ဝင်းဟန် | ,, | ၁၂/ကမရ (နိုင်) ၀၅၈၀၂၆ |
| (၂၉) | ဦးစိုင်းမင်းလွင် | ,, | ၁၃/သပန (နိုင်) ၀၆၀၄၄၄ |
| (၃၀) | ဒေါ်သီရိသိမ့် | ,, | ၉/ပမန (နိုင်) ၁၈၂၃၆၄ |
| (၃၁) | ဒေါ်ယုစံပယ်ဖော်ထွက်း | ,, | ၉/ပဥလ (နိုင်) ၀၄၇၃၉၃ |
| (၃၂) | ဦးစောထက်လင်းဦး | ,, | ၃/ဘအန (နိုင်) ၂၂၅၅၅၅ |
| (၃၃) | ဦးမျိုးမင်းထက် | ,, | ၇/လပတ (နိုင်) ၁၃၅၁၂၉ |
| (၃၄) | ဦးအာကာဟိန်း | ,, | ၁၂/ဒဂတ (နိုင်) ၀၆၅၀၇၀ |
| (၃၅) | ဒေါ်ဇင်မာဖြူ | ,, | ၉/ကပတ (နိုင်) ၁၉၂၉၉၃ |
| (၃၆) | ဒေါ်ယမင်းရွှေစင်စိုး | ,, | ၉/မလန (နိုင်) ၁၃၈၉၂၉ |
| (၃၇) | ဒေါ်စုသန္တာထွေး | ,, | ၈/နမန (နိုင်) ၁၇၆၀၈၇ |
| (၃၈) | ဒေါ်သန်းသန်းမြတ် | ,, | ၅/မရန (နိုင်) ၂၈၆၉၃၆ |
| (၃၉) | ဦးမြတ်သူမျိုး | ,, | ၁၃/ကမန (နိုင်) ၀၉၆၈၈၂ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၄၀) | ဒေါ်ဇင်ဇင်ဝင်း | ဦးစီးအရာရှိ | ၉/ပမန (နိုင်) ၁၉၈၂၁၃ |
| (၄၁) | ဒေါ်ငြိမ်းအေးမြင့်အောင် | ။ | ၅/ဆလက (နိုင်) ၀၄၇၅၃၉ |
| (၄၂) | ဦးအောင်ခိုင်ဇော် | ။ | ၉/ကဆန (နိုင်) ၁၁၈၅၂၀ |
| (၄၃) | ဒေါ်နှင်းအိဖြူ | ။ | ၇/ရတရ (နိုင်) ၁၀၆၀၁၄ |
| (၄၄) | ဒေါ်ဥမ္မာဦး | ။ | ၁၃/ကလန (နိုင်) ၀၉၇၃၅၅ |
| (၄၅) | ဒေါ်ခင်ခင်ဆွေ | ။ | ၅/ပလန (နိုင်) ၀၈၂၆၉၁ |
| (၄၆) | ဦးအောင်မြတ်စိုး | ။ | ၁၂/တကန (နိုင်) ၁၄၁၂၇၃ |
| (၄၇) | ဦးစောယောရှု | ။ | ၁၂/အစန (နိုင်) ၀၆၅၁၇၅ |
| (၄၈) | ဒေါ်ဆုရတနာကျော် | ။ | ၁၀/မလမ (နိုင်) ၁၈၇၃၆၂ |
| (၄၉) | ဒေါ်ခိုင်ခင်ကို | ။ | ၉/စကတ (နိုင်) ၀၉၀၅၈၂ |
| (၅၀) | ဒေါ်ဟေသူဆွေမွန် | ။ | ၃/မဝတ (နိုင်) ၀၁၉၄၂၂ |
| (၅၁) | ဦးကျော်သန့်လွင် | ။ | ၁၁/စတန (နိုင်) ၀၈၉၇၇၆ |
| (၅၂) | ဒေါ်ခင်စောယုသင်း | ။ | ၈/ရနခ (နိုင်) ၀၉၆၈၄၇ |
| (၅၃) | ဒေါ်အေးနန္ဒာ | ။ | ၁၂/အစန (နိုင်) ၁၇၇၇၆၁ |
| (၅၄) | ဒေါ်လဝန်းရည် | ။ | ၁၀/သဖရ (နိုင်) ၁၄၃၅၂၈ |
| (၅၅) | ဒေါ်ရွှေစင်ကြည် | ။ | ၈/ပခက (နိုင်) ၂၂၅၇၁၇ |
| (၅၆) | ဒေါ်မာမာမိုး | ။ | ၈/နမန (နိုင်) ၁၃၃၇၃၇ |
| (၅၇) | ဒေါ်မြသိင်္ဂီစိုး | ။ | ၉/စကတ (နိုင်) ၀၈၆၃၇၉ |
| (၅၈) | ဒေါ်အိသဲလင်း | ။ | ၁၄/သပန (နိုင်) ၁၀၈၂၇၈ |
| (၅၉) | ဒေါ်အေးမြသီတာ | ။ | ၁၂/သကတ (နိုင်) ၁၆၄၂၅၇ |
| (၆၀) | ဒေါ်နှင်းသဥ္ဇာဦး | ။ | ၁၂/ကမတ (နိုင်) ၀၆၅၉၂၅ |
| (၆၁) | ဒေါ်စုမာခိုင် | ။ | ၅/ကဘလ (နိုင်) ၁၇၄၄၁၂ |
| (၆၂) | ဒေါ်ကြူကြူ | ။ | ၈/စလန (နိုင်) ၁၂၆၆၂၇ |
| (၆၃) | ဒေါ်စုသက်နှင်းဝေ | ။ | ၈/မတန (နိုင်) ၀၅၃၄၅၅ |
| (၆၄) | ဒေါ်ဆွေဆွေထွန်း | ။ | ၁၂/ရပသ (နိုင်) ၀၅၃၃၁၆ |
| (၆၅) | ဒေါ်မေမဥ္ဇူ | ။ | ၁/ဝမန (နိုင်) ၀၅၈၆၀၉ |
| (၆၆) | ဒေါ်ခိုင်သန္တာမျိုး | ။ | ၉/မဟမ (နိုင်) ၀၂၀၆၀၇ |
| (၆၇) | ဒေါ်ထွေးအိငယ်ငယ်အောင် | ။ | ၁၁/ဂမန (နိုင်) ၀၃၅၇၉၈ |
| (၆၈) | ဒေါ်ဆုပြည့်ဝန်း | ။ | ၇/မညန (နိုင်) ၀၆၆၄၅၆ |
| (၆၉) | ဦးမျိုးနိုင်ဦး | ။ | ၁၀/မလမ (နိုင်) ၁၈၉၅၀၃ |
| (၇၀) | ဒေါ်ပွင့်ဖူးမောင်မောင် | ။ | ၁၂/အစန (နိုင်) ၁၉၂၅၉၆ |
| (၇၁) | ဒေါ်လဲ့လဲ့ဦး | ။ | ၅/မရန (နိုင်) ၂၄၆၀၀၅ |
| (၇၂) | ဒေါ်အိသဥ္ဇာအောင် | ။ | ၃/ဘအန (နိုင်) ၂၆၆၀၀၇ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၇၃) | ဦးစက်တင်ဦး | ဦးစီးအရာရှိ | ၂/ဖရဆ (နိုင်) ၀၁၇၈၁၇ |
| (၇၄) | ဒေါ်ဆုနှင်းဇော် | ။ | ၉/တသန (နိုင်) ၁၅၄၄၁၉ |
| (၇၅) | ဒေါ်ခင်မေစိုး | ။ | ၁/ဟပန (နိုင်) ၀၀၈၈၉၃ |
| (၇၆) | ဒေါ်မွန်မြတ်သူစိုး | ။ | ၈/မကန (နိုင်) ၂၀၅၅၇၈ |
| (၇၇) | ဒေါ်မေသဇင်ဖူး | ။ | ၅/ကလထ (နိုင်) ၁၈၀၀၆၇ |
| (၇၈) | ဒေါ်သတိုးနွယ်မင်းသီရိနိုင် | ။ | ၁၃/တကန (နိုင်) ၂၄၂၀၅၅ |
| (၇၉) | ဒေါ်နှင်းဦးဝေ | ။ | ၁၂/မရက (နိုင်) ၁၃၇၁၄၀ |
| (၈၀) | ဒေါ်သိမ့်သိမ့်ထွန်း | ။ | ၁/ဗမန (နိုင်) ၀၉၁၇၄၂ |
| (၈၁) | ဒေါ်ဒိမ့်စန်းကိမ် | ။ | ၄/တတန (နိုင်) ၀၄၇၂၂၆ |
| (၈၂) | ဦးဇော်ထွန်းနိုင် | ။ | ၅/ခတန (နိုင်) ၀၁၂၁၆၅ |
| (၈၃) | ဒေါ်နေခြည်ကျော်မင်း | ။ | ၉/ခအဇ (နိုင်) ၀၂၆၇၇၇ |
| (၈၄) | ဦးရှုဘောင်ဖုန်ဝင့် | ။ | ၁/မခဘ (နိုင်) ၀၀၉၅၈၇ |
| (၈၅) | ဒေါ်သူဇာမြင့် | ။ | ၅/မကန (နိုင်) ၀၆၁၇၀၈ |
| (၈၆) | ဦးဇာနည်မြင့်ထွန်း | ။ | ၅/ရဘန (နိုင်) ၁၈၀၉၅၉ |
| (၈၇) | ဦးဇင်ဖြိုးနိုင် | ။ | ၈/တတက (နိုင်) ၁၈၂၉၀၉ |
| (၈၈) | ဦးသိုက်ဆန်း | ။ | ၁၁/စတန (နိုင်) ၀၈၀၂၇၇ |
| (၈၉) | ဦးအောင်နေဝင်း | ။ | ၅/ခဥန (နိုင်) ၀၇၇၂၇၁ |
| (၉၀) | ဒေါ်ဖြူမြတ်သူ | ။ | ၁၂/ဗတထ (နိုင်) ၀၃၆၈၈၃ |
| (၉၁) | ဒေါ်ငုဝါစိုး | ။ | ၁၂/သဃက (နိုင်) ၁၈၃၉၄၂ |
| (၉၂) | ဒေါ်ယဉ်မွန်ဖိုး | ။ | ၉/တသန (နိုင်) ၁၂၈၆၅၇ |
| (၉၃) | ဒေါ်မြသန္တာထွန်း | ။ | ၉/ခအဇ (နိုင်) ၀၀၂၀၃၃ |
| (၉၄) | ဒေါ်သက်ဆုရည် | ။ | ၁/ဗမန (နိုင်) ၀၆၀၃၁၈ |
| (၉၅) | ဦးအေးကျော် | ။ | ၁၁/ကတန (နိုင်) ၀၈၁၇၃၈ |
| (၉၆) | ဦးထောင်ဇဆန်း | ။ | ၄/ထတလ (နိုင်) ၀၃၈၉၁၂ |
| (၉၇) | ဒေါ်မြတ်သန္တာထက် | ။ | ၃/မဝတ (နိုင်) ၀၂၈၈၇၁ |
| (၉၈) | ဒေါ်အိမွန်မွန်ကျော် | ။ | ၉/တသန (နိုင်) ၁၁၅၇၃၂ |
| (၉၉) | ဒေါ်ဝါဝါထွန်း | ။ | ၅/ဝလန (နိုင်) ၁၅၄၉၄၈ |
| (၁၀၀) | ဒေါ်ဝင့်ဝင့်ကြည် | ။ | ၁၂/ရပသ (နိုင်) ၀၅၇၈၁၈ |
| (၁၀၁) | ဒေါ်ငြိမ်းငြိမ်းအေး | ။ | ၉/တကန (နိုင်) ၁၄၆၂၆၄ |
| (၁၀၂) | ဒေါ်သဲစုခိုင်စိုး | ။ | ၇/ပမန (နိုင်) ၁၃၈၆၁၂ |
| (၁၀၃) | ဒေါ်ခင်ချောမြင့် | ။ | ၇/ပမန (နိုင်) ၁၄၅၄၄၄ |
| (၁၀၄) | ဦးချစ်စမ်းကျော် | ။ | ၅/မရန (နိုင်) ၂၇၁၀၃၁ |
| (၁၀၅) | ဒေါ်ခိုင်ချိုချိုထက် | ။ | ၁၀/မလမ (နိုင်) ၂၀၄၅၉၉ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁၀၆) | ဒေါ်ချိုချိုလွင် | ဦးစီးအရာရှိ | ၈/ရနခ (နိုင်) ၀၉၇၁၂၈ |
| (၁၀၇) | ဦးခိုင်မျိုးလင်း | ။ | ၁၁/မပန (နိုင်) ၀၆၂၆၁၈ |
| (၁၀၈) | ဦးအောင်ရဲကို | ။ | ၈/ပခက (နိုင်) ၂၆၆၇၅၆ |
| (၁၀၉) | ဒေါ်မြသဲဖြူ | ။ | ၁၂/စခန (နိုင်) ၀၀၁၆၉၀ |
| (၁၁၀) | ဒေါ်ချစ်စုလှိုင် | ။ | ၅/ကလတ (နိုင်) ၁၀၂၁၅၁ |
| (၁၁၁) | ဒေါ်ဆွေဆွေထွန်း | ။ | ၁၂/ဥကမ (နိုင်) ၂၁၆၂၈၉ |
| (၁၁၂) | ဒေါ်သင်းသီရိအောင် | ။ | ၁၂/မဘန (နိုင်) ၁၁၇၅၂၂ |
| (၁၁၃) | ဦးဘုန်းမြင့် | ။ | ၉/သပက (နိုင်) ၀၈၂၅၃၃ |
| (၁၁၄) | ဒေါ်ဟန်နီဝင်း | ။ | ၈/အလန (နိုင်) ၁၁၈၅၉၄ |
| (၁၁၅) | ဒေါ်ဝင်းသော်သော်လှိုင် | ။ | ၇/အတန (နိုင်) ၀၈၁၅၀၀ |
| (၁၁၆) | ဒေါ်မေသဇင်စိုး | ။ | ၈/ရနခ (နိုင်) ၁၃၁၁၆၁ |
| (၁၁၇) | ဦးကျော်အောင်သွင် | ။ | ၁၂/လကန (နိုင်) ၁၆၈၁၃၉ |
| (၁၁၈) | ဒေါ်ရွှေရည်ဖြိုးမြင့် | ။ | ၁၀/မလမ (နိုင်) ၂၁၅၆၉၆ |
| (၁၁၉) | ဒေါ်အိသန္တာခင် | ။ | ၇/ပခန (နိုင်) ၃၂၁၂၇၆ |
| (၁၂၀) | ဦးတင်ဖြိုးအောင် | ။ | ၁၁/စတန (နိုင်) ၀၆၉၈၄၂ |
| (၁၂၁) | ဒေါ်ချမ်းမြေ့ထွန်း | ။ | ၇/ပမန (နိုင်) ၁၆၅၂၁၅ |
| (၁၂၂) | ဦးအောင်ကျော်သူ | ။ | ၁/ဟပန (နိုင်) ၀၀၀၁၀၀ |
| (၁၂၃) | ဒေါ်သက်ထားအောင် | ။ | ၅/ယမပ (နိုင်) ၀၆၆၇၁၆ |
| (၁၂၄) | ဒေါ်အိမြတ်ဖြူ | ။ | ၇/လပတ (နိုင်) ၁၂၄၆၄၁ |
| (၁၂၅) | ဒေါ်ဝါဝါလွင် | ။ | ၁၄/မမန (နိုင်) ၁၈၈၉၂၆ |
| (၁၂၆) | ဒေါ်ဝင်းစန္ဒာ | ။ | ၁/ရကန (နိုင်) ၀၅၁၈၀၅ |
| (၁၂၇) | ဦးစည်သူအောင် | ။ | ၉/တကန (နိုင်) ၁၁၇၈၂၉ |
| (၁၂၈) | ဦးမင်းခန့် | ။ | ၈/ပခက (နိုင်) ၂၇၀၅၅၆ |
| (၁၂၉) | ဒေါ်စိုးမြသီတာ | ။ | ၉/မဟမ (နိုင်) ၀၂၉၅၈၀ |
| (၁၃၀) | ဒေါ်ဝေမာအောင် | ။ | ၁၄/ပသန (နိုင်) ၂၀၁၅၀၀ |
| (၁၃၁) | ဦးဖြိုးဝေကျော် | ။ | ၅/ကသန (နိုင်) ၀၆၅၁၇၉ |
| (၁၃၂) | ဒေါ်ဝင်းသီတာအောင် | ။ | ၉/ခအဇ (နိုင်) ၀၃၂၂၅၄ |
| (၁၃၃) | ဒေါ်စိမ်းလဲ့စောလွင် | ။ | ၁၂/သလန (နိုင်) ၁၁၃၅၉၉ |
| (၁၃၄) | ဒေါ်ဘိုသူထက် | ။ | ၅/မရန (နိုင်) ၂၈၃၇၂၆ |
| (၁၃၅) | ဒေါ်နွဲ့နွဲ့ထွေး | ။ | ၅/ကဘလ (နိုင်) ၁၈၆၀၀၄ |
| (၁၃၆) | ဒေါ်သက်သက် | ။ | ၁၂/လမန (နိုင်) ၁၄၁၀၇၈ |
| (၁၃၇) | ဒေါ်ယဉ်မင်းဆွေ | ။ | ၁၂/ဗဟန (နိုင်) ၀၈၂၇၉၂ |
| (၁၃၈) | ဦးဇော်မျိုးဦး | ။ | ၁၁/စတန (နိုင်) ၀၆၆၁၀၄ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁၃၉) | ဒေါ်သိမ့်မွန်မွန်ဆွေ | ဦးစီးအရာရှိ | ၇/ရတရ (နိုင်) ၁၄၃၅၄၀ |
| (၁၄၀) | ဒေါ်နှင်းပြည့်ပြည့်မွန် | ။ | ၁၂/တကန (နိုင်) ၁၄၉၁၉၅ |
| (၁၄၁) | ဒေါ်အေးချမ်းမိုး | ။ | ၉/တသန (နိုင်) ၁၄၁၆၀၀ |
| (၁၄၂) | ဒေါ်ထွန်းဥမ္မာကျော် | ။ | ၁၁/မပန (နိုင်) ၀၇၅၅၂၈ |
| (၁၄၃) | ဒေါ်နော်ရှုဘီစိုး | ။ | ၁၂/တတန (နိုင်) ၁၄၀၀၁၅ |
| (၁၄၄) | ဒေါ်မိုးဇင်မာဦး | ။ | ၁၀/မလမ (နိုင်) ၂၄၃၃၂၅ |
| (၁၄၅) | ဒေါ်ဆွေနွယ်ဦး | ။ | ၈/မကန (နိုင်) ၂၄၀၁၃၉ |
| (၁၄၆) | ဒေါ်မြစပယ်ထွန်း | ။ | ၉/ခအဇ (နိုင်) ၀၃၅၃၃၈ |
| (၁၄၇) | ဦးဖြိုးထက်ကို | ။ | ၁၀/သထန (နိုင်) ၁၆၆၇၀၉ |
| (၁၄၈) | ဒေါ်လင်းလဲ့ရွှေရည် | ။ | ၈/မကန (နိုင်) ၂၃၁၁၈၈ |
| (၁၄၉) | ဒေါ်ဖြူဖြူအောင် | ။ | ၅/ရဘန (နိုင်) ၁၄၀၂၃၃ |
| (၁၅၀) | ဦးနိုင်မျိုးလင်း | ။ | ၁၁/ပဏတ (နိုင်) ၀၄၈၂၈၄ |
| (၁၅၁) | ဒေါ်တင်ရတနာဝင်း | ။ | ၇/သနပ (နိုင်) ၀၇၃၇၆၃ |
| (၁၅၂) | ဒေါ်ယဉ်ဝင်းဟန် | ။ | ၁၀/ရမန (နိုင်) ၁၄၅၉၃၁ |
| (၁၅၃) | ဒေါ်နန်းမဥ္ဇူမင်း | ။ | ၂/ဒမဆ (နိုင်) ၀၄၉၈၂၆ |
| (၁၅၄) | ဦးပြည့်ဖြိုးထွန်း | ။ | ၁၂/တမန (နိုင်) ၁၀၃၅၁၂ |
| (၁၅၅) | ဒေါ်နော်စင်သီယာဆိုင်းမွန်း | ။ | ၁၂/မဘန (နိုင်) ၁၃၆၀၅၇ |
| (၁၅၆) | ဒေါ်စုစုလွင် | ။ | ၁၂/ကတန (နိုင်) ၁၁၃၄၆၆ |
| (၁၅၇) | ဒေါ်ဝင့်သီရိမော် | ။ | ၁၂/ဒဂမ (နိုင်) ၀၁၆၃၅၉ |
| (၁၅၈) | ဒေါ်တေဇာဝင်း | ။ | ၈/ပခက (နိုင်) ၂၄၈၁၁၈ |
| (၁၅၉) | ဒေါ်သန့်စုစုကျော် | ။ | ၃/ဘအန (နိုင်) ၂၂၄၄၂၀ |
| (၁၆၀) | ဒေါ်စုမြတ်ထိုက် | ။ | ၁၂/တမန (နိုင်) ၁၀၈၅၈၆ |
| (၁၆၁) | ဒေါ်ဟေမာလွင် | ။ | ၈/ပဖန (နိုင်) ၁၁၅၀၀၈ |
| (၁၆၂) | ဒေါ်အေးမင်းသန့် | ။ | ၉/ကပတ (နိုင်) ၂၀၉၄၂၆ |
| (၁၆၃) | ဒေါ်စုမြတ်သန္တာဖွေး | ။ | ၇/သကန (နိုင်) ၁၁၄၁၆၂ |
| (၁၆၄) | ဒေါ်ဝါဝါမြင့်ထွန်း | ။ | ၉/ဝတန (နိုင်) ၁၃၃၃၀၂ |
| (၁၆၅) | ဒေါ်ရွှန်းလဲ့ရွှေရည် | ။ | ၉/ခအဇ (နိုင်) ၀၃၃၆၄၂ |
| (၁၆၆) | ဒေါ်ဆွေဇင်နွယ် | ။ | ၈/မကန (နိုင်) ၁၉၃၉၃၄ |
| (၁၆၇) | ဒေါ်နှင်းရည်မြတ် | ။ | ၁၄/ဘကလ (နိုင်) ၂၀၇၄၅၈ |
| (၁၆၈) | ဦးကြည်ထက်အောင် | ။ | ၅/ကဘလ (နိုင်) ၁၆၂၇၀၀ |
| (၁၆၉) | ဦးမျိုးဝေလင်း | ။ | ၁၁/စတန (နိုင်) ၀၈၁၃၈၂ |
| (၁၇၀) | ဒေါ်သဲစုမေထက် | ။ | ၁၄/မအန (နိုင်) ၁၇၈၈၂၁ |
| (၁၇၁) | ဒေါ်ဖြူသန့်မောင် | ။ | ၉/အမဇ (နိုင်) ၀၀၀၀၅၉ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၁၇၂) | ဒေါ်ပြေလည်စိုးထွေး | ဦးစီးအရာရှိ | ၉/ပမန (နိုင်) ၁၈၅၂၇၄ |
| (၁၇၃) | ဒေါ်အေးအေးသွယ် | ။ | ၁၁/ကတန (နိုင်) ၀၇၃၄၇၅ |
| (၁၇၄) | ဒေါ်ဝင်းသူဇာခိုင် | ။ | ၉/ပဥလ (နိုင်) ၀၂၃၂၅၂ |
| (၁၇၅) | ဒေါ်နှင်းအိခင် | ။ | ၉/အမဇ (နိုင်) ၀၁၇၃၈၁ |
| (၁၇၆) | ဒေါ်နော်ဆိုဖီယာစံ | ။ | ၃/သတန (နိုင်) ၀၂၆၅၃၃ |
| (၁၇၇) | ဒေါ်ရင်နွေဇ | ။ | ၉/ပဥလ (နိုင်) ၀၂၂၅၈၂ |
| (၁၇၈) | ဒေါ်ခင်လေးနွယ် | ။ | ၁၃/တကန (နိုင်) ၁၉၆၀၁၄ |
| (၁၇၉) | ဒေါ်သက်သက်ဝေ | ။ | ၈/မဘန (နိုင်) ၁၁၁၀၉၂ |
| (၁၈၀) | ဒေါ်နှင်းယုလွင် | ။ | ၃/ဘအန (နိုင်) ၂၇၁၈၃၅ |
| (၁၈၁) | ဦးကျော်သက်ပိုင် | ။ | ၁/မညန (နိုင်) ၁၃၉၂၄၅ |
| (၁၈၂) | ဒေါ်ချစ်စုလှိုင် | ။ | ၁၂/မဂတ (နိုင်) ၀၉၁၆၉၈ |
| (၁၈၃) | ဒေါ်ဇင်မာသက် | ။ | ၉/မခန (နိုင်) ၂၃၉၇၅၆ |
| (၁၈၄) | ဒေါ်ဟေမာလှသိန်း | ။ | ၉/အမဇ (နိုင်) ၀၂၁၇၆၄ |
| (၁၈၅) | ဒေါ်ရွှေရည်ဝင်းအိ | ။ | ၅/ရဘန (နိုင်) ၁၈၁၀၇၃ |
| (၁၈၆) | ဒေါ်ဖြူဖြူသင်း | ။ | ၅/မကန (နိုင်) ၀၄၉၀၉၇ |
| (၁၈၇) | ဒေါ်မေမြတ်နိုးသိမ့် | ။ | ၉/စကတ (နိုင်) ၀၈၈၁၆၉ |
| (၁၈၈) | ဒေါ်သဲထက်ထက်လှိုင် | ။ | ၁၂/တတန (နိုင်) ၁၄၂၅၀၅ |
| (၁၈၉) | ဒေါ်နန်းဆိုင်ခမ်းနွန် | ။ | ၅/ဟမလ (နိုင်) ၀၈၅၀၅၀ |
| (၁၉၀) | ဦးမျိုးသူ | ။ | ၅/ခဥန (နိုင်) ၀၇၉၂၁၁ |
| (၁၉၁) | ဒေါ်ခင်စန်းလှိုင် | ။ | ၅/ဒပယ (နိုင်) ၀၈၆၂၉၁ |
| (၁၉၂) | ဦးရမ်ဇမန်း | ။ | ၄/ဖလန (နိုင်) ၀၄၅၀၈၄ |
| (၁၉၃) | ဦးငွေးလွင်ဦး | ။ | ၈/ကမန (နိုင်) ၀၄၉၀၈၈ |
| (၁၉၄) | ဒေါ်အေးငြိမ်းသူ | ။ | ၇/ကပက (နိုင်) ၀၉၉၆၁၈ |
| (၁၉၅) | ဦးမျိုးကျော် | ။ | ၅/မရန (နိုင်) ၂၆၁၆၃၄ |
| (၁၉၆) | ဒေါ်နွေးနွေးစိမ့် | ။ | ၁၂/ဗတထ (နိုင်) ၀၃၇၂၁၇ |
| (၁၉၇) | ဒေါ်ဟန်မီမီကျော် | ။ | ၈/မကန (နိုင်) ၂၁၇၅၇၆ |
| (၁၉၈) | ဒေါ်တင်နီလာဝင်း | ။ | ၁၂/ဥကတ (နိုင်) ၁၄၇၄၉၀ |
| (၁၉၉) | ဒေါ်သန္တာအေး | ။ | ၈/သရန (နိုင်) ၀၆၅၃၂၈ |
| (၂၀၀) | ဒေါ်မြတ်ရွှေစင် | ။ | ၁၁/မအန (နိုင်) ၀၄၂၁၁၂ |
| (၂၀၁) | ဒေါ်ဆွေဆွေသန်း | ။ | ၈/ဂဂန (နိုင်) ၁၀၂၀၁၈ |
| (၂၀၂) | ဒေါ်အိမို့မို့ဖြိုး | ။ | ၁၄/ဖပန (နိုင်) ၁၃၂၁၇၄ |
| (၂၀၃) | ဒေါ်လွင်ယမင်းသန့် | ။ | ၁/ဗမန (နိုင်) ၀၈၇၂၄၁ |

| စဉ် | အမည် | ရာထူး | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| (၂၀၄) | ဒေါ်ဆုမွန်အောင် | ဦးစီးအရာရှိ | ၁၂/ဥကတ (နိုင်) ၁၇၁၉၄၂ |
| (၂၀၅) | ဒေါ်ခိုင်သွယ့်မွန်စိုး | ။ | ၉/မကန (နိုင်) ၁၂၀၉၆၇ |
| (၂၀၆) | ဒေါ်သက်မွန်ဆွေ | ။ | ၁၂/ဒပန (နိုင်) ၀၀၈၃၉၉ |
| (၂၀၇) | ဒေါ်ဝါဝါအောင် | ။ | ၁/မကန (နိုင်) ၁၇၀၆၈၃ |
| (၂၀၈) | ဒေါ်မြတ်ဆုမွန် | ။ | ၅/ခဥတ (နိုင်) ၀၆၉၇၇၉ |
| (၂၀၉) | ဒေါ်နှင်းဝေအောင် | ။ | ၁၂/ရပသ (နိုင်) ၀၃၆၄၉၃ |
| (၂၁၀) | ဒေါ်ယဉ်ယဉ်အောင် | ။ | ၁၂/ဒပန (နိုင်) ၀၄၉၀၆၉ |
| (၂၁၁) | ဦးကျော်ဇင်လတ် | ။ | ၉/စကတ (နိုင်) ၀၈၄၅၄၁ |
| (၂၁၂) | ဒေါ်ခင်သန္တာမြင့် | ။ | ၉/ခအဇ (နိုင်) ၀၂၉၅၃၄ |
| (၂၁၃) | ဒေါ်သက်ထားဝေ | ။ | ၁၂/သကတ (နိုင်) ၁၆၆၀၁၄ |
| (၂၁၄) | ဒေါ်ဇာခြည်ဝင်း | ။ | ၉/မထလ (နိုင်) ၁၈၈၁၇၆ |
| (၂၁၅) | ဒေါ်ငုဝါမြင့် | ။ | ၁၂/ဥကမ (နိုင်) ၁၈၉၃၉၉ |
| (၂၁၆) | ဒေါ်ဇာဇာခိုင် | ။ | ၅/စကန (နိုင်) ၁၉၈၈၁၅ |
| (၂၁၇) | ဦးကျော်မျိုးသက် | ။ | ၅/ပလန (နိုင်) ၀၇၂၆၈၁ |
| (၂၁၈) | ဒေါ်အေးအေးခန့် | ။ | ၉/ပဥလ (နိုင်) ၀၀၁၉၉၆ |
| (၂၁၉) | ဒေါ်စုစုမွန် | ။ | ၉/ကဆန (နိုင်) ၁၀၄၉၃၅ |
| (၂၂၀) | ဒေါ်ခင်မြတ်မိုး | ။ | ၇/ပမန (နိုင်) ၁၅၉၈၈၁ |
| (၂၂၁) | ဒေါ်ဖွန်ဖြိုးပွင့် | ။ | ၉/မဟမ (နိုင်) ၀၂၄၆၉၇ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၇/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

### ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ရပ်စဲခြင်း

၁။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးတင်နု (ခ) ဦးတင်နုအောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အပေါ် ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်စိန် (ပြည်ထောင်စု

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ (၂) ကို ဖွဲ့စည်း၍ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂၆/ ၂၀၁၅) ဖြင့် ဆက်လက်စစ်ဆေးစေခဲ့သည်။

၂။ ရွေးကောက်ပွဲခုံအဖွဲ့က ယင်းအမှုကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် အပြီးသတ်လျှောက်လဲချက်ကြားနာရန် ရုံးချိန်းခေါ်ယူရာ လျှောက်ထားသူ ဦးအောင်စိန်သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကွယ်လွန်ကြောင်း လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက လျှောက်ထားတင်ပြလာရာ မှန်ကန်သဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရပ်စဲကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ယင်းသို့ရပ်စဲကြောင်း ကြေညာချက် ထုတ်ပြန်နိုင်ရန် ကော်မရှင်သို့ အစီရင်ခံတင်ပြခဲ့သည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ အစီရင်ခံတင်ပြချက်အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၇ (က) နှင့်အညီ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂၆/၂၀၁၅) အား ရပ်စဲကြောင်း အများသိစေရန် ဤကြေညာချက်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၇ ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၀ ၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာ၍ ကန့်ကွက်သူအဖြစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၇ (ခ) အရ မိမိကို အစားထည့်သွင်းစေရန် ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခွင့်ရှိကြောင်းကိုလည်း အသိပေးဖော်ပြပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

အမှတ် ၆၅ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ချင်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ချင်းပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးပြုံးချို ဥက္ကဋ္ဌ
ပြည်နယ်အုပ်ချုပ်ရေးမှူး
ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးဝင်းဘို — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
ချင်းပြည်နယ်ရဲတပ်ဖွဲ့

(ဂ) ဦးစိုးညွန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
ချင်းပြည်နယ်

(ဃ) ဦးကျော်စိုးမိုး — အဖွဲ့ဝင်
လက်ထောက်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ချင်းပြည်နယ်

(င) ဒေါ်သီသီမာ — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ
ချင်းပြည်နယ်ဥပဒေချုပ်ရုံး

(စ) ဦးလိုင်ပဲန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ချင်းပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဆ) ဦးခမ်လျန်ဆုမ်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ချင်းပြည်နယ်

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

အမှတ် ၅၅ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇) ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**နေပြည်တော် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြင့်အောင် — ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးဇော်ခင်အောင် — အဖွဲ့ဝင်
နေပြည်တော်ရဲတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးအောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်နယ်အခွန်များဦးစီးဌာန

(ဃ) ဦးကျော်မျိုးခန့် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
နေပြည်တော်ဆက်သွယ်ရေးလုပ်ငန်း

(င) ဒေါ်သင်းသင်းဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးကပ်တလွန်း — အဖွဲ့ဝင်
ခရိုင်ဥပဒေအရာရှိ
ဒက္ခိဏခရိုင်၊ နေပြည်တော်

(ဆ) ဦးဇော်မင်းထက် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့

(ဇ) ဦးဇော်မင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

အမှတ်၊ ၅၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၆) ကို ရည်ညွှန်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ၎င်းနှင့်ယှဉ်တွဲ ဖော်ပြပါနေရာတွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ တာဝန်ဝတ္တရားများကို ထမ်းဆောင်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| ဦးမောင်ဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင်ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆) အရ ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးဌေးအောင်<br>အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်မြင့်<br>ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်မျိုးမြင့်<br>ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဝင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်ဒေဝီသန့်ဇင်<br>Myanmar Green Network (MGN)<br>အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ကေသီ<br>ဒါရိုက်တာ<br>Comprehensive Development Education Center (CDEC)<br>အစိုးရမဟုတ်သောအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာစိုးထွန်း<br>အလုပ်အမှုဆောင်<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမျိုးသက်<br>ဒုတိယဥက္ကဋ္ဌ<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဦးလှမောင်သိန်း<br>ခေတ္တညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ဦးစိန်ထွန်းလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း၊ (၁၈၀,၀၀ဝ-၂,၀၀ဝ-၁၉၀,၀၀ဝ) ဒုတိယဦးစီးမှူး (၂၄) ဦးတို့အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ) ဦးစီးအရာရှိ (စီမံ)များအဖြစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများအတိုင်း စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်အပ်လိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ | တိုးမြှင့်တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|---|
| (က) | ဒေါ်နုနှင်းဝေ (ဆလက/၄၉၃၅၁) | စီမံရေးရာဌာနခွဲ | စီမံရေးရာဌာနခွဲ |
| (ခ) | ဦးဝေဖြိုးအောင် (ဆလက/၄၉၃၅၀) | စီမံရေးရာဌာနခွဲ | စီမံရေးရာဌာနခွဲ |
| (ဂ) | ဒေါ်အေးသီတာနိုင် (ဆလက/၄၉၄၆၁) | မင်းလှမြို့နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူးရုံး ပြင်ဦးလွင်ခရိုင် |
| (ဃ) | ဦးတင်ဝင်းမောင် (ဆလက/၄၉၄၅၁) | မြင်းခြံမြို့နယ်ရုံး | ညွှန်ကြားရေးမှူးရုံး မကွေးတိုင်းဒေသကြီး |
| (င) | ဒေါ်စကားဝါဆွေ (ဆလက/၄၉၄၅၅) | ချမ်းအေးသာဇံမြို့နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူးရုံး မိတ္ထီလာခရိုင် |
| (စ) | ဦးဇော်မျိုးဦး (ဆလက/၄၉၄၄၉) | မင်္ဂလာတောင်ညွန့် အိမ်ရာရုံးခွဲ | ညွှန်ကြားရေးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး |
| (ဆ) | ဒေါ်နန်းသီရိသိန်းသိန်းစိန် (ဆလက/၄၉၃၅၄) | စီမံရေးရာဌာနခွဲ | စီမံရေးရာဌာနခွဲ |
| (ဇ) | ဦးနန္ဒကျော်စွာ (ဆလက/၄၉၄၈၄) | လက်ထောက်ညွှန်ကြားရေးမှူးရုံး **“ပအိုဝ်း”** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်) |
| (ဈ) | ဒေါ်ဟန်သီထွန်း (ဆလက/၄၉၄၆၈) | ညွှန်ကြားရေးမှူးရုံး တနင်္သာရီတိုင်းဒေသကြီး | လမ်းမတော်၊ စမ်းချောင်း အလုံ၊ အိမ်ရာရုံးခွဲ |
| (ည) | ဦးနိုင်ဦး (ဆလက/၄၉၃၉၄) | မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဌာနခွဲ | လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်) |

| **စဉ်** | **အမည်**<br>**ကိုယ်ပိုင်အမှတ်** | **လက်ရှိနေရာ** | **တိုးမြှင့်တာဝန်**<br>**ထမ်းဆောင်ရမည့်နေရာ** |
|---|---|---|---|
| (ဋ) | ဦးဇော်ထက်<br>(ဆလက/၄၉၄၅၂) | ဘားအံမြို့နယ်ရုံး | ညွှန်ကြားရေးမှူးရုံး<br>ကရင်ပြည်နယ် |
| (ဌ) | ဒေါ်သွဲ့မိုင်အေး<br>(ဆလက/၄၉၃၇၁) | မြေနှင့်အိမ်ရာဌာနခွဲ | ရန်ကင်းအိမ်ရာရုံးခွဲ |
| (ဍ) | ဒေါ်ဝတ်ရည်သွယ်<br>(ဆလက/၄၉၄၅၈) | ပဲခူးမြို့နယ်ရုံး | လွှတ်တော်နှင့်နေအိမ်<br>အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>(ရန်ကုန်) |
| (ပ) | ဦးခင်မောင်ဦး<br>(ဆလက/၄၉၄၇၁) | လွိုင်ကော်မြို့နယ်ရုံး | ညွှန်ကြားရေးမှူးရုံး<br>ကယားပြည်နယ် |
| (ဏ) | ဦးကျော်မင်းထိုက်<br>(ဆလက/၄၉၄၄၇) | သုဝဏ္ဏအိမ်ရာရုံးခွဲ | အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ |
| (တ) | ဒေါ်အိသန္တာထွန်း<br>(ဆလက/၄၉၄၈၆) | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>**“မနု”**<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>မြိတ်ခရိုင် |
| (ထ) | ဒေါ်နီလာထွန်း<br>(ဆလက/၄၉၄၇၈) | ဘီးလင်းမြို့နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>တောင်ငူခရိုင် |
| (ဒ) | ဒေါ်သီတာလွင်<br>(ဆလက/၄၉၄၈၀) | ညွှန်ကြားရေးမှူးရုံး<br>ရှမ်းပြည်နယ် | စီမံရေးရာဌာနခွဲ |
| (ဓ) | ဒေါ်အေးအေးရွှေ<br>(ဆလက/၄၉၄၆၀) | ပြည်မြို့နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>ပြည်ခရိုင် |
| (န) | ဦးကျော်မိုးလွင်<br>(ဆလက/၄၉၄၃၂) | လွှတ်တော်နှင့်အိမ်တော်<br>အဆောက်အဦများထိန်းသိမ်း<br>ရေးအဖွဲ့ (နေပြည်တော်) | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>ကျိုင်းတုံခရိုင် |
| (ပ) | ဒေါ်အေးသီတာကျော်<br>(ဆလက/၄၉၄၈၅) | လမ်းမတော်၊ စမ်းချောင်း၊<br>အလုံအိမ်ရာရုံးခွဲ | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>သံတွဲခရိုင် |
| (ဖ) | ဒေါ်ခိုင်လွှာထွန်း<br>(ဆလက/၄၉၄၇၉) | ကျောက်ဖြူမြို့နယ်ရုံး | ညွှန်ကြားရေးမှူးရုံး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| (ဗ) | ဦးအောင်ကျော်ဌေး<br>(ဆလက/၄၉၄၅၆) | ပုသိမ်မြို့နယ်ရုံး | လက်ထောက်ညွှန်ကြားရေးမှူးရုံး<br>ဟသ်ာတခရိုင် |
| (ဘ) | ဦးမျိုးမြတ်ဟိန်း<br>(ဆလက/၄၉၄၆၇) | စစ်တွေမြို့နယ်ရုံး | ညွှန်ကြားရေးမှူးရုံး<br>ရခိုင်ပြည်နယ် |

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

# ကရင်ပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ (မူကြမ်း)

## (၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈၊ ဇယား ၂ အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကရင်ပြည်နယ်သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကရင်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန**ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်၊

(စ) **ဦးစီးမှူး** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာန၏ ဦးစီးမှူးများကို ဆိုသည်၊

(ဆ) **ကော်မတီ**ဆိုသည်မှာ သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ဤဥပဒေအရဖွဲ့စည်းသော သဘာဝမြေသြဇာကော်မတီကို ဆိုသည်၊

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ကို ဆိုသည်၊

(ဈ) **သဘာဝမြေသြဇာ**ဆိုသည်မှာ သက်ရှိသတ္တဝါနှင့်အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီးပြုပြင်စီမံ၍ရရှိသော ပစ္စည်းများကိုလည်းကောင်း ဆိုသည်၊

(ည) **စံချိန်စံညွှန်း**ဆိုသည်မှာ သဘာဝမြေသြဇာတွင်ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကော်မတီကသတ်မှတ်သော အနည်းဆုံး ပါဝင်ရမည့် အချိုးအစား၊ အရည်အသွေး စံသတ်မှတ်ပေးချက်ကို ဆိုသည်၊

(ဋ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကိုအန္တရာယ်ဖြစ်စေသည့် ပစ္စည်း သို့မဟုတ် စိုက်ပျိုးရေးဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် အဆိပ်ဟုသတ်မှတ်သည့် ပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်၊

(ဌ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ သဘာဝမြေသြဇာ ထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း ဝန်ခံချက်ကိုလည်းကောင်း၊ ပြည်တွင်းသို့တင်သွင်းသူ၊ ပြည်ပသို့ တင်ပို့သူက ပြည်ပနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်ပါ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း ဆိုသည်၊

(ဍ) **အမှတ်တံဆိပ်**ဆိုသည်မှာ သဘာဝမြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်၊

( ပ ) **သဘာဝမြေဩဇာလုပ်ငန်း** ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများကို ဆိုသည်၊

(ဏ) **သိုလှောင်ခြင်း**ဆိုသည်မှာ သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ စုဆောင်းသိမ်းဆည်းထားခြင်းကို ဆိုသည်၊

(တ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာကော်မတီက သတ်မှတ်သော အလေးချိန်ပမာဏထက် ကျော်လွန်သည့် သဘာဝမြေဩဇာဖြန့်ဖြူးခြင်းကို ဆိုသည်၊

(ထ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်၊

( ဒ ) **လိုင်စင်** ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

( ခ ) သဘာဝမြေဩဇာလုပ်ငန်းများကို စနစ်တကျကွပ်ကဲ ထိန်းသိမ်းနိုင်စေရန်၊

( ဂ ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေဩဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်စေရန်၊

(ဃ) သင့်လျော်သော သဘာဝမြေဩဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်စေရန်၊

( င ) သဘာဝမြေဩဇာကို စနစ်တကျထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊

( စ ) သဘာဝမြေဩဇာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဆ) ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် သဘာဝမြေဩဇာဖြင့်သာ ထုတ်လုပ်သော စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော သဘာဝမြေဩဇာကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာပြည်နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံများ | အဖွဲ့ဝင် |
| (၃) | ကျွမ်းကျင်သူပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ပြည်နယ်ဦးစီးမှူး | အတွင်းရေးမှူး |

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော သဘာဝမြေဩဇာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) သဘာဝမြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော သဘာဝမြေသြဇာနမူနာ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက်နှင့်စပ်လျဉ်း၍ သဘာဝမြေသြဇာ စံချိန်စံညွှန်းနှင့် ညီ မညီ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူရန်လိုအပ်သည့် သဘာဝမြေသြဇာအလေးချိန် ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် စည်းကမ်းချက်များ ရေးဆွဲခြင်း၊

(ဆ) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဇ) စိုက်ပျိုးသူများက သဘာဝမြေသြဇာကို စနစ်တကျသုံးစွဲကြရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) သဘာဝမြေသြဇာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကိုဆောင်ရွက်ခြင်း။

၇။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ အတွင်းရေးမှူးအားအဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်ပညာရှင်များဖြင့် သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေးခြင်း။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၈။ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၉။ ကော်မတီသည် -

(က) သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့အား ပုဒ်မ ၈ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်ညီ မညီ စစ်ဆေးပြီး တင်ပြစေရမည်၊

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်များကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) သက်ဆိုင်ရာ ဦးစီးမှူးနှင့်စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၁။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၂။ ကော်မတီသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်လျှောက်ထားခြင်း

၁၄။ (က) သဘာဝမြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံအကြောင်းပြန်ကြားရမည်။

၁၅။ (က) သဘာဝမြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်၊ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံအကြောင်း ပြန်ကြားရမည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်၊

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကိုခံယူရမည်။

၁၇။ သဘာဝမြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် သဘာဝမြေသြဇာ ထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) အမှတ်တံဆိပ်၊

(ခ) သဘာဝမြေသြဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊
(ဃ) သဘာဝမြေသြဇာတွင်ပါဝင်သည့် အပင်အာဟာရဓာတ်ရာခိုင်နှုန်း၊
(င) တင်သွင်း၊ ထုတ်လုပ်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊
(စ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သိုလှောင်ထားရှိရမည့်နည်းစနစ်၊
(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန်အညွှန်းစာနှင့် သတိပြုရန်အချက်များ။

၁၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ ပါအချက်များဖော်ပြထားသော မှတ်ပုံတင်လက်မှတ်ရရှိထားသည့် သဘာဝမြေသြဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၉။ ဦးစီးဌာနသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုင်စင်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၀။ (က) သဘာဝမြေသြဇာ သိုလှောင်ခြင်း လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ (က) သဘာဝမြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းလိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၂။ လိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)

## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်များ

၂၃။ ဦးစီးဌာနသည် ဤဥပဒေပါစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် -

(က) ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

| | | |
|---|---|---|
| (၁) | ပြည်နယ်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) | ပြည်နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

(ခ) ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

| | | |
|---|---|---|
| (၁) | ခရိုင်မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) | ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

(ဂ) မြို့နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

| | | |
|---|---|---|
| (၁) | မြို့နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ |

၂၄။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တာဝန်ပေးအပ်သည့် နယ်မြေအတွင်းရှိ သဘာဝမြေသြဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) သဘာဝမြေသြဇာကို စံချိန်စံညွှန်းနှင့်ညီ မညီစစ်ဆေးရန် သဘာဝမြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဦးစီးဌာနနှင့် ကော်မတီသို့ တင်ပြပြီး ကော်မတီ၏ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊

(ဂ) သဘာဝမြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်း ပြု မပြု စစ်ဆေးခြင်း၊
(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သော နည်းလမ်းများနှင့်အညီ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြခြင်း၊
(င) ဦးစီးဌာနက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၅။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ခွင့်ပြုထားသော သဘာဝမြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊
(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊
(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၆။ ပြည်နယ်ဦးစီးမှူးသည် ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား ပုဒ်မ ၂၅ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၇။ ကော်မတီသည် ပုဒ်မ ၁၀ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၅ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၈။ (က) သဘာဝမြေသြဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလိုင်စင်နှင့်စပ်လျဉ်း၍ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ကော်မတီသို့ အယူခံနိုင်သည်၊
(ခ) ကော်မတီသည် ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊
(ဂ) ပုဒ်မခွဲ (ခ) အရ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၉။ (က) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ ကော်မတီမှချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို သော်လည်းကောင်း၊ ပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို သော်လည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့သို့ အယူခံနိုင်သည်၊
(ခ) အစိုးရအဖွဲ့သည် ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊
(ဂ) ပုဒ်မခွဲ (ခ) အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၃၀။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

၃၁။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၂။ မည်သူမျှမူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော သဘာဝမြေသြဇာကိုဖြစ်စေ၊ သဘာဝမြေသြဇာ အတုကိုဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင် ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၄။ မည်သူမျှ သဘာဝမြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းလမ်းဖြင့် သုံးစွဲခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ် ရမည်။

၃၇။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော သဘာဝမြေသြဇာကို စီမံခန့်ခွဲနိုင်ရန် ဦးစီး ဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၈။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက် လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၉။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခနှင့် ဒဏ်ကြေးငွေတို့ကို သတ်မှတ်ရမည်။

၄၀။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသောဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာ ဦးစီးမှူးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၄၁။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီ၏ အတည်ပြု ချက်ဖြင့် ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများတွင် သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဓာတ်ခွဲ စမ်းသပ်တွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက် ဖြစ်စေရမည်။

၄၃။ ဤဥပဒေပုဒ်မ ၃၅ နှင့် ၃၆ တို့အရ တရားစွဲဆိုသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ

သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုရမည်။

၄၅။ တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်ပါက လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

## ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့် ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၁။ ဤဥပဒေကို ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဖ) ၏ အောက်တွင် အောက်ပါပုဒ်မခွဲကို ဖြည့်စွက်ရမည် -

၃ (ဗ)။ ပြန်အမ်းငွေဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကို ဆိုသည်။

၃။ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) ၏ အောက်တွင် အောက်ပါပုဒ်မခွဲကို ဖြည့်စွက်ရမည် -

၁၅ (ဆ)။ ပြန်အမ်းငွေထုတ်ပေးရန် ပြန်လည်လျှောက်ထားခွင့် ရှိသည်။

၄။ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ၏ အောက်တွင် အောက်ပါပုဒ်မခွဲကို ဖြည့်စွက်ရမည် -

၁၈ (ဂ)။ ပြန်အမ်းငွေ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ခရိုင်ဦးစီးဌာနမှူးနှင့် ပြည်နယ်ဦးစီးဌာနမှူးတို့မှ စိစစ်ပြီးနောက် ပြန်အမ်းငွေပမာဏကို ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူရမည်။ ထို့နောက် ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသို့ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်
## ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၅ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) စောဝင်းထိန်
ခေတ္တဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

**[ ယခင်အပတ် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ ။ ) မှ အဆက် ]**

[illegible]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ အတည်ပြုချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ ဦးဝင်းစိုးဦး ကို လစာနှုန်းတူရာထူးဖြင့် နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နေရာတွင် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၆

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ အတည်ပြုချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကောင်းထက် ကို လစာနှုန်းတူရာထူးဖြင့် နိုင်ငံတော်သမ္မတရုံး၊ လုံခြုံရေးအရာရှိချုပ်ဌာနကြီးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) နေရာတွင် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၂၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ၏ အတည်ပြုချက်အရ နိုင်ငံတော်သမ္မတရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက် ကို လစာနှုန်းတူရာထူးဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၊ ညနေပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၂၉/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

ဤရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၆) အရ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းစိုးဦးသည် နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးတွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ညနေပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ပါသည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၃၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ဤရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၁၆) အရ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအရာရှိအဖြစ် တွဲဖက်ခန့်ထားသည့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ သင်တန်းနှင့်မူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသာထူးသည် လုပ်ငန်းတာဝန်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစတင်ထမ်းဆောင်ပါသည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၆) သဘောတူညီချက်အရ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးသိန်းမော်အား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးတွင် လစဉ်ထောက်ပံ့ငွေ (၂၅၀,၀၀၀/-) ခံစားခွင့်ပြုလျက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ ကျွမ်းကျင်သူအဖြစ် (ဒုတိယအကြိမ်) တစ်နှစ်ထပ်မံခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**သမုဒ္ဒရာသခင် သင်္ဘောဝန်ဆောင်မှု လီမိတက်**

**(Ocean Master Shipping Services Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၁-၁၀-၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ် (၂၇၂)၊ အခန်း (၆၀၃)၊ (၆) လွှာ၊ ခနလှိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်ရှိကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**မြန်မာကြယ် ကုန်စည်အမြန်ပို့ဆောင်ရေး လီမိတက်**

**(Myanmar Star Cargo Express Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၁-၁၁-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် အမှတ် (၆၂)၊ အခန်း (၉၀၂)၊ မဟာဗန္ဓုလအိမ်ရာ၊ မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**တက်နေ ဂုဏ်ကျက်သရေ ပို့ဆောင်ရေး ဝန်ဆောင်မှု လီမိတက်**

**(Sunrise Glory Logistics Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၁-၁၁-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် အခန်းအမှတ် (၄၀၄)၊ ရွှေသံလွင်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**မြန်မာ ကမ္ဘာစိမ်းလန်းသော ဝန်ဆောင်မှုကုမ္ပဏီ လီမိတက်**

**(Myanmar Global Green Logistic Co., Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၁-၁၁-၂၀၁၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် အမှတ် (၃၉)၊ အခန်း(၄၀၆)၊ အလံပြဘုရားလမ်း၊ ယူနိုက်တက်ကွန်ဒို၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Myat Lwin Moe

B.Com (Q), C.P.A

Certified Public Accountant

AUDITOR

**သဘာဝအစိမ်းရောင် ကျောက်မျက် ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## စုပေါင်းအမျိုးသား ကျောက်မီးသွေး မီသိန်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဆူးလေ အင်တာနေရှင်နယ် ကွန်တိန်နာ တာမင်နဲ (လ်) ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စုပေါင်းကျောက်မီးသွေး ဓာတ်သတ္တု ရှာဖွေရေး ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**GOLDEN JASMINE INTIMATES MANUFACTURING CO., LTD.**

(အစုရှယ်ယာရှင်များ၏ဆန္ဒအရဖျက်သိမ်းဆဲ)

မြီရှင်များသို့ သတိပေးချက်

GOLDEN JASMINE INTIMATES MANUFACTURING CO., LTD ဒါရိုက်တာအဖွဲ့၏ (၁၃-၉-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ GOLDEN JASMINE MANUFACTURING CO., LTD. အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ဦးစိုးညွန့်နှင့် ဒေါ်သန်းသန်းမြင့် (တရားလွှတ်တော်ရှေ့နေများ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများဖြစ်သော ကျွန်ုပ်တို့ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့နောက်ဆုံးထား၍ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာသို့ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(ဦးစိုးညွန့်)၊ (ဒေါ်သန်းသန်းမြင့်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ
အမှတ် - ၆၂၊ ပထမထပ်၊ လောကနတ်ပန်းချီပြခန်း
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့

**ထရဲ့ရှင်း ဆူပရီး (မ်) ကုမ္ပဏီလီမိတက်**

**(TREASURE SUPREME COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

ထရဲ့ရှား ဆူပရီး (မ်) ကုမ္ပဏီလီမိတက် (TREASURE SUPREME COMPANY LIMITED) ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့၊ နေ့လယ် (၁၃း၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၁-၁၀-၂၀၁၆။